**Statement of NCCT Members Summit & EAO's Meeting**

From July 24 to 29, 2014, the meeting of senior leaders of the Nationwide Ceasefire Coordinating Team (NCCT) members and from July 30 to 31, the meeting of top leaders of the ethnic armed revolutionary resistance organizations were successfully held in Laiza Town.

One hundred and fifty five senior leaders, representatives and observers, from a total of (18) ethnic armed revolutionary resistance organizations, attended the meetings. They cordially held discussions and were able to adopt resolutions unanimously. It was seen that the initial Laiza-Law Khee Lar spirit and Laiza unity had been raised up by the meetings.

Similarly, mention has to be made that attendance of the meetings by Mr. Vijay Nambiar, the UN Secretary-General's Special Envoy for Burma/Myanmar and his team, and Mr. Tan Yin, Assistant to Mr. Wang Yinfan, the Special Envoy for Asian Affairs of the People's Republic of China, and his team, was an exceptional presage and propitious development, in the revolutionary history of Burma/Myanmar.

The item the ethnic armed revolutionary resistance organizations N could take pride of was, indeed, the UN Secretary-General Special Envoy's presentation of the UN Secretary-General's letter of felicitation to the meeting.

In the first stage of the meeting, submission of the report of the NCCT, thorough deliberation on the second draft of the Nationwide Ceasefire Agreement (NCA single text), compiled together by drafters of the NCCT and the Union Peace-Making Work Committee (UPWC), collection of the opinions and laying down of the 10-point guideline were successfully achieved.

In the second stage, in addition to giving mandate again to the NCCT to finalize the NCA (Single Text), this Summit Meeting directed the NCCT to hold a meet with the UPWC as soon as possible.

The future programs, after the nationwide ceasefire agreement is signed, are to be as follows.

(a) The drafting of framework for political dialogue and striving for starting political dialogue.

(b) Holding forums and discussions on a wide scale, in accordance with the Political Road Map contained in the Nationwide Ceasefire Agreement (Draft), and holding, on a wide scale, consultations and discussions on actions that must be taken until a Union Accord can be signed.

(c) In an emergency situation when a decision is necessary on matters of principle with regard to the Nationwide Ceasefire Agreement, the NCCT is to call a meeting of top leaders of the member organizations.

Both the summit meetings, hereby declare that they will consistently uphold the principle of establishment of a “Federal Union guaranteeing democratic rights and the rights of equality and self-determination” which is all the ethnic nationalities’ national political aims and objectives.

Summit Meeting of the Ethnic Armed Revolutionary Resistance Organizations

Laiza Town

July 31, 2014

ETHNIC ARMED ORGANIZATIONS' SUMMIT

LAIZA

# တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးအစည်းအဝေး ထုတ်ပြန်ကြေငြာချက်

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၂၄) ရက်မှ (၂၉) ရက်နေ့အထိ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) အဖွဲ့ဝင်အဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များအစည်းအဝေးနှင့် (၃၀ - ၃၁) ရက်နေ့များတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ အစည်းအဝေးတို့ကို လိုင်ဇာမြို့တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

ဤအစည်းအဝေးများသို့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းပေါင်း (၁၈) ဖွဲ့မှ ထိပ်သီးခေါင်းဆောင်ကိုယ်စားလှယ်/လေ့လာသူများ စုစုပေါင်း (၁၅၅) ဦး ပါဝင်တက်ရောက်ခဲ့ကြပြီး၊ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး၍ ဆုံးဖြတ်ချက်များကိုလည်း တညီတညွတ်တည်း ချမှတ်နိုင်ခဲ့ကြပါသည်။ ရရှိထားပြီးသော လိုင်ဇာ-လော်ခီးလာ စိတ်ဓာတ်နှင့် လိုင်ဇာညီညွတ်ရေးတို့ကို ဤအစည်းအဝေးကြီးများမှ ထပ်လောင်းမြှင့်တင်နိုင်ခဲ့သည်ကို တွေ့ရပေသည်။

ထို့အတူ ဤအစည်းအဝေးကြီးသို့ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် Mr. Vijay Nambiar နှင့်အဖွဲ့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အာရှရေးရာ အထူးသံတမန် Mr. Wang Yingfan ၏ လက်ထောက်ကိုယ်စားလှယ် Mr. Tang Ying နှင့်အဖွဲ့တို့ ပါဝင်တက်ရောက်ခဲ့ခြင်းသည် မြန်မာနိုင်ငံတော်လှန်ရေးသမိုင်းတွင် ထူးခြားသော၊ အလားအလာ ကောင်းသောဖြစ်စဉ်ကြီးတစ်ရပ်ဖြစ်သည်ကို ဖော်ပြလိုပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်မှ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကိုလည်း ဖတ်ကြားတင်သွင်းခဲ့ခြင်းမှာ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများအတွက် ဂုဏ်ယူဖွယ်ရာပင် ဖြစ်ပေသည်။

အစည်းအဝေးပထမအဆင့်တွင် NCCT ၏လုပ်ငန်းစဉ်အစီရင်ခံစာကို တင်သွင်းခြင်း၊ NCCT နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ UPWC တို့မှ (မူကြမ်း)ရေးဆွဲသူများ မူးပေါင်းရေးသားပြုစုထားသည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement – NCA) Single Text ဒုတိယမူကြမ်းကိုလည်း အစဉ်အလိုက် အချိန်ယူ ဆွေးနွေး ခြင်း၊ သဘောထားရယူစုဆောင်းခြင်းနှင့် လမ်းညွှန်မှု (၁၀)ချက် ချမှတ်ပေးခြင်းများကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဒုတိယအဆင့်အနေဖြင့် NCA (Single Text) ကို အပြီးသတ် အချောကိုင်နိုင်ရန်အတွက် ဤထိပ်သီးအစည်းအဝေးကြီးမှ NCCT အား လုပ်ပိုင်ခွင့် ထပ်မံပေးအပ်ခြင်းအပြင်၊ UPWC နှင့် အမြန်ဆုံး ဆက်လက်တွေ့ဆုံ ဆွေးနွေးညှိနှိုင်းသွားရန်အတွက်လည်း လမ်းညွှန်မှုပေးခဲ့ပါသည်။

ရှေ့လုပ်ငန်းစဉ်များအဖြစ် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုး ပြီးနောက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် လုပ်ငန်းများဖြစ်သော -

(က) နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ရေးဆွဲခြင်း နှင့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန် ကြိုးပမ်း ခြင်း။

(ခ) တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်(မူကြမ်း)ပါ နိုင်ငံရေးလမ်းပြမြေပုံနှင့် အညီ အဆင့်လိုက်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် ပြည်ထောင်စုစာချုပ်ကြီး ချုပ်ဆိုနိုင် သည်အထိ လုပ်ဆောင်ရမည့်ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းခြင်း၊

(ဂ) တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်နှင့်ပတ်သက်၍ မူဝါဒပိုင်းဆိုင်ရာ အဆုံးအဖြတ်ပေးရန် အရေးပေါ်လိုအပ်လာပါက NCCT အနေဖြင့် အဖွဲ့ဝင် အဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များအစည်းအဝေးကို ခေါ်ယူခြင်းတို့ကို ချမှတ်ခဲ့ကြသည်။

ထိပ်သီးအစည်းအဝေးနှစ်ရပ်စလုံးမှ တိုင်းရင်းသားလူမျိုးများအားလုံး၏ အမျိုးသားနိုင်ငံရေး ရည်မှန်းချက်ဖြစ်သော **"ဒီမိုကရေစီရေး အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးတို့ကို အာမခံသော ဖက်ဒရယ်ပြည်ထောင်စု"** တည်ဆောက်ရေးမှုကို တစိုက်မတ်မတ် ကိုင်စွဲသွားကြမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာအပ်ပါသည်။

**တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ထိပ်သီးအစည်းအဝေး**

**လိုင်ဇာမြို့**

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်